၂၀၁၈ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်အဖွဲ့

ပထဝီဝင်　　　　　　　　　　　　　　　　　　　　　　　ခွင့်ပြုချိန် (၃)နာရီ

သတိပြုရန်။　။ အဖြေများကို စာအုပ်တွင်ဖြေပါ။ အပိုင်း(က)နှင့် အပိုင်း(ခ)မှ မေးခွန်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး၊ကျန်အပိုင်းတစ်ပိုင်းစီမှတစ်ပုဒ်စီ စုစုပေါင်း(၆)ပုဒ်ဖြေဆိုရမည်။ လိုအပ်သည့်နေရာများတွင် မြေပုံ၊ ပုံကြမ်းနှင့် သရုပ်ပြပုံများရေးဆွဲပါ။

အပိုင်း(က)

အောက်ပါတို့ကိုအားလုံးဖြေဆိုပါ။　　(၁၅)မှတ်

၁။(က) အောက်ပါဖော်ပြချက်များကိုအမှား၊အမှန်ရွေး၍မှန်လျှင်'မှန်'ဟုရေးပြီး မှားလျှင် 'မှား'ဟုရေးပါ။　　(၅)မှတ်

(၁) မြစ်ဖျားပိုင်းသည်ရေစီးအမြန်ဆုံး အပိုင်း ဖြစ်သည်။
(၂) သတ္တုအနည်းငယ်ပါသောတွင်းထွက်မှာ ဘောက်ဆိုက် ဖြစ်သည်။
(၃) ကြေးနီရိုင်း သန့်စင်စက်ရုံကို ကောလင်းမြို့၌တွေ့ရသည်။
(၄) ဂျပန်နိုင်ငံသည်ကမ္ဘာပေါ်တွင်ငါးအများဆုံး ဖမ်းဆီးသောနိုင်ငံဖြစ်သည်။
(၅) ဂရစ်အညွှန်း ကို ဂဏန်းလေးလုံး ဖြင့်ဖော်ပြသည်။

(ခ) အောက်ပါတို့ကိုဖြည့်စွက်ရေးသားပါ။　　(၅)မှတ်

(၁) အမြန်ဆုံးစီးသောရေခဲမြစ်များသည် ---- ကျွန်းတွင်ရှိသည်။
(၂) အာရှတိုက်တွင်သံနှင့်သံမဏိအဖွံ့ဖြိုးဆုံး နိုင်ငံမှာ ---- ဖြစ်သည်။
(၃) မြိတ်ကျွန်းစုရှိ ---- တွင်လည်း ရွှေကို တွေ့ရသည်။
(၄) ဩစတြေးလျနိုင်ငံ၏ မြို့တော်မှာ---- ဖြစ်သည်။
(၅) စာတမ်းစကေး ဆိုသည်မှာစကေးကို ---- ဖြင့်ရေးသားဖော်ပြခြင်းဖြစ်သည်။

(ဂ) အောက်ပါတို့အနက်မှအဖြေမှန်ရွေးပါ။　　(၅)မှတ်

(၁) ဟာဝိုင်အီကျွန်းများသည် မီးတောင်---- ကြောင့်ဖြစ်ပေါ်လာသည်။
　(က) ရွေ့လျားခြင်း　(ခ) ပေါက်ကွဲခြင်း　(ဂ) အနည်ပို့ချခြင်း
(၂) ဟီမတိုက်၏ အရောင်မှာ ---- ဖြစ်သည်။
　(က) အနီ　(ခ) အနက်　(ဂ) အညို
(၃) သတ္တုတွင်းများ ထဲမှ ---- သည်ငွေ၊ခဲ၊သွပ်အများဆုံး ထွက်သည်။
　(က) ဘော်တွင်း　(ခ) ဘော်ဆိုင်း　(ဂ) ရတနာသိဂီ
(၄) ဂျာမနီနိုင်ငံ၏ မြို့တော်မှာ ---- ဖြစ်သည်။
　(က) ဘွန်း　(ခ) ဘာလင်　(ဂ) မြူးနစ်
(၅) မြေပုံပေါ်တွင်စကေးကို---- မျိုးဖြင့်ဖော်ပြနိုင်သည်။
　(က) တစ်　(ခ) နှစ်　(ဂ) သုံး

[တစ်ဖက်သို့

## အပိုင်း (ခ) သဘာဝပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၂။ အသွင်ပြောင်းကျောက်များ ဖြစ်ပေါ်လာပုံ၊ တွေ့ရှိရပုံနှင့်အသွင်ပြောင်းနည်းများအကြောင်း ဖြေဆိုပါ။

၃။ ဥတုချေဖျက်ခြင်းအမျိုးအစား ၂ မျိုးကို ဖော်ပြ၍ ရုပ်ချေဖျက်ခြင်းအကြောင်း ပုံနှင့်တကွ ရှင်းလင်းပါ။

၄။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) မီးသင့်ကျောက်

(ခ) ပုံမှန်မီးတောင် (သို့မဟုတ်) ချော်ပေါင်းမီးတောင်

(ဂ) ရေခဲမြစ်ပို့ချမှုသွင်ပြင်များ

(ဃ) ကမ်းခတ်လှိုင်း နှင့် ရွှေ့လှိုင်း

## အပိုင်း (ဂ) စီးပွားရေးပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၅။ စက်မှုလက်မှုလုပ်ငန်းများတည်ဆောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော အခြေခံအချက်များမှ ကုန်ကြမ်းနှင့် စက်လည်အား အကြောင်းကို ရှင်းပါ။

၆။ ကမ္ဘာ့မီးရထားလမ်းများ ပျံ့နှံ့တည်ရှိပုံနှင့် မြောက်အမေရိကမီးရထားပို့ဆောင်ရေး လုပ်ငန်းအကြောင်းကို ရေးပါ။

၇။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) မဂ္ဂနက်တိုက်၊ဟီမတိုက်၊ လီမိုနိုက်၊ဆီဒါရိုက်

(ခ) ချည်မျှင်တုလုပ်ငန်း နှင့် ဂုန်လျှော်လုပ်ငန်း

(ဂ) မြောက်အမေရိကနှင့် အာရှ ကားလမ်းမကြီးများ

(ဃ) လေကြောင်းပို့ဆောင်ရေးလုပ်ငန်း၏ အကျိုးပြုချက်နှင့် အားနည်းချက်များ

## အပိုင်း (ဃ) မြန်မာနိုင်ငံပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၈။ မြန်မာနိုင်ငံ၏အဖိုးတန်တွင်းထွက်ရတနာများ ထုတ်လုပ်မှုကို မြေပုံနှင့်တကွ ဖြေဆိုပါ။

၉။ မြန်မာနိုင်ငံ၏ရာဘာလုပ်ငန်း၊ ဓါတ်မြေဩဇာနှင့်စက္ကူလုပ်ငန်း တို့ကိုဖြေဆိုပါ။

၁၀။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကိရိယာပစ္စည်းလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်သည့် လုပ်ငန်း

(ခ) မြန်မာနိုင်ငံ ကြေးနီ၊ ငွေ၊ ခဲ၊ သွပ် ထွက်ရှိရာဒေသ

(ဂ) ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်

(ဃ) မြန်မာနိုင်ငံ ပို့ကုန်များမှ သဘာဝဓါတ်ငွေ့နှင့် သစ်တောထွက်ပစ္စည်းများ

## အပိုင်း (င) ကမ္ဘာ့ပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၁၁။ အမေရိကန်ပြည်ထောင်စု၏ သဘာဝပေါက်ပင်နှင့် မြေဆီလွှာအကြောင်း ဖြေဆိုပါ။

၁၂။ ဩစတြေးလျတိုက်၏စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအကြောင်းကိုရေးပါ။

၁၃။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) ဂျပန်နိုင်ငံ၏ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း

(ခ) ဩစတြေးလျနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေး

(ဂ) ပြင်သစ်နိုင်ငံ၏ စက်မှုလုပ်ငန်း

(ဃ) ဂျာမနီနိုင်ငံ၏ မြို့ကြီးများ

## အပိုင်း (စ) လက်တွေ့ပထဝီဝင်

အောက်ပါတို့ကိုအားလုံးဖြေပါ။ (၂၅)မှတ်

၁၄။ (က) စကေး ၁း၈၀၀၀ ရှိသော ဓာတ်ပုံတွင် ၃ လက်မရှည်သောလမ်း၏မြေပြင်အလျားကိုရှာပါ။ (၁၀)မှတ်

(ခ) ပေးထားသောကွန်တိုမြေပုံကို သေချာစွာလေ့လာပြီး အောက်ပါတို့ကိုဖြေပါ။ (၁၅)မှတ်

(၁) 'က'မှ'ခ'သို့ဖြတ်ပိုင်းပုံရေးဆွဲပါ။

(၂) မြေပုံပါဒေသ၏လတ္တီကျု၊ လောင်ဂျီကျု နှင့် ဧရိယာ (စတုရန်းမိုင်)တို့ကိုရှာပါ။

(၃) မြေပုံပါဒေသ၏တည်နေရာ၊ မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း တို့အကြောင်းရေးပါ။




စကေး၊ တစ်လက်မ = တစ်မိုင်

ရည်ညွှန်းချက်

- အမြဲတန်းလမ်း၊ နွေရာသီလမ်း
- လှည်းလမ်း၊ လူသွားလမ်း
- မြို့၊ ရွာ၊ စေတီ
- သဲသောင်၊ မြစ်၊ မီးရထားလမ်း
- ကွန်တို၊ တောင်ထိပ်

ကွန်တိုခြားနားခြင်း၊ ပေ ၁၀၀